CVT

Center for Vocational Training

အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း

# CVT Newsletter




## Content

**အရည်အသွေးဆိုင်ရာအာမခံချက်**

- အသင်းသားစုံညီနှစ်ပတ်လည် နှင့် ဘုတ်အဖွဲ့အစည်းအဝေး 2
- မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းများအတွက် အရည်အသွေးအာမခံ အခြေခံပေါ်တည်သော Work Based Learning (WBL) စနစ်ဆောက်တည်ရေး—CVT ၏ တာဝန်ယူဆောင်ရွက်မှု 3
- သင်တန်းနှင့်အလုပ်အကိုင်ချိတ်ဆက်ရေးအတွက် လိုအပ်ချက်အကဲဖြတ်ခြင်း 4

**CVT အသိုက်အဝန်း အားကောင်းစေခြင်း**

- GIE နှင့် နားလည်မှုစာချွန်လွှာရေးထိုးခြင်း 4
- MyJobs နှင့် နားလည်မှုစာချွန်လွှာရေးထိုးခြင်း 5
- MPT ၏ အွန်လိုင်း CSR E-Learning Program တွင် CVT မှ သင်တန်းများ မျှဝေထားမှု 5

**သင်တန်းများနှင့် လူမှုရေးလှုပ်ရှားမှုများ**

- လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေး ဆိုင်ရာ အသိပညာသင်တန်း 6
- လက်တွေ့သင်တန်းနေရာများ ပြန်လည်ဖွင့်လှစ်ခြင်း 6
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း များနှင့် ပူးပေါင်း၍သက်မွေးသင်တန်း များဖွင့်လှစ်ခြင်း 6
- 2025 ခုနှစ်တွင်း ပို့ချပြီးသင်တန်းများ 7
- မြေငလျင်အရေးပေါ်အကူအညီလှုပ်ရှားမှုများ 7

**သင်တန်းသားအသံ /လေ့ကျင့်ရေး ကုမ္ပဏီ အသံ 8**

**သင်တန်းအချက်အလက် 9**

ISSUE 55 | Jun 2025

Complimentary

## 1. အသင်းသားစုံညီနှစ်ပတ်လည် နှင့် ဘုတ်အဖွဲ့အစည်းအဝေး

Center for Vocational Training-CVT ၏ အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးကို ၂၀၂၅၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် အသင်းသား အားလုံး စုံစုံ ညီညီတက်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၌ ဖော်ဆောင်ခဲ့သော လုပ်ငန်းများ နှင့် ၂၀၂၅ တွင်ပြုလုပ်မည့် လုပ်ငန်း အစီအစဉ်များကို အမှုဆောင် အရာရှိချုပ် ဒေါ်ခင်မြတ်စန္ဒာ မှ တက်ရောက်လာကြသော စီမံအုပ်ချုပ်သူများနှင့် ကုမ္ပဏီ တွင် ပါဝင်သူ ဘုတ် အဖွဲ့ဝင်များ ကို ရှင်းလင်းပြောကြားခဲ့ပါသည်။ တက်ရောက်လာသူများမှ လည်း လုပ်ငန်းဆိုင်ရာ၊ သင်ကြားမှုဆိုင်ရာ အရည်အသွေးများ ပိုမိုပြီး ကောင်း မွန် စေရန် အတွက် လိုအပ်သည်များကို အကြံပြု ပြောကြားခဲ့ပါသည်။



ထို့အပြင် ၂၀၂၅၊ ဇွန်လ ၁၀ ရက်နေ့ တွင် နှစ်ဝက်ဘုတ် အဖွဲ့ဝင် အစည်းအဝေးကိုလည်းကျင်းပခဲ့ရာ CVT Board အဖွဲ့ဝင်များ စီမံအုပ်ချုပ်သူများ တက်ရောက်ခဲ့ပါသည်။ ရှေးဦးစွာ CVT -CEO အမှုဆောင်အရာရှိချုပ် ဒေါ်ခင်မြတ်စန္ဒာ မှ တက်ရောက်သူ များအားကြိုဆို နှုတ်ခွန်းဆက်ပြောကြား ခဲ့ပြီး ၂၀၂၄-၂၀၂၅ လုပ်ငန်းဆောင်ရွက်မှု အနှစ်ချုပ်ကို တင်ပြခဲ့ပါသည်။ CVT ၏ ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်အတွက် ဦးတည်ချက် များဖြစ်သော ရှင်သန်ရေး၊ ဘေးကင်းလုံခြုံရေးနှင့်တည်တံ့ခိုင်မြဲရေး တို့နှင့်အတူ CVT ၏ ကျောင်းသားဟောင်းများ၊ မိတ်ဖက်ဟောင်း များနှင့်မိတ်သစ်များပါဝင်သော CVT ၏ကွန်ယက်ပိုမို ဖြန့်ကြက်နိုင်ရေး၊ CVT-E4Y နှင့်Further Education ရှေ့ဆက်အစီအစဉ်များ ကိုလည်း ပြောကြားခဲ့ပါသည်။ လတ်တလောတွင် နိုင်ငံတကာအေဂျင်စီများနှင့်ပူးပေါင်းကာ ကျွမ်းကျင်မှုသင်တန်း များမှတဆင့်လုပ်နေမှုဘဝနှင့်ကြံ့ခိုင်မှု စွမ်းရည် များ မြှင့်တင်ပေးခြင်း အစီအစဉ် အနေဖြင့် မြို့နယ် ၈ မြို့နယ်ဦးစားပေးပြီးတနိုင်ငံလုံး ရှိ လူငယ်လူရွယ်များနှင့် အမျိုးသမီးများ(အသက် ၁၈ မှ ၄၅ နှစ်အတွင်း)ကို သက်မွေးသင်တန်း များ ပေးအပ်ရန် စီစဉ်ထားရှိကြောင်း ၊CVT ၏ လက်တွေ့သင်တန်းနေရာတွင်လည်း ဂဟေဆော်ခြင်းသင်တန်း၊ တွင်ခုံသင်တန်းများအတွက် GIE -Global Infrastructure Engineering Company Limited နှင့်ပူးပေါင်း၍ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေပြီး၊ လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာ သင်တန်း နှင့် အခြေခံ ပရိဘောဂ ပြုလုပ်မှု အတတ်ပညာသင်တန်းများ ကို ၁၈၁ Tech Park၊ လှိုင်မြို့နယ် တွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ် ကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် ဌာန အသီးသီးမှ ဒါရိုက်တာများမှလည်း မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍများကို ရှင်းလင်းပြောကြားခဲ့ပါသည်။တက်ရောက်လာကြသူ ဘုတ်အဖွဲ့ဝင် များမှလည်းလိုအပ်သည် များကို အကြံပြုခဲ့ကြပြီး အမှတ်တရဓါတ်ပုံများရိုက်ခဲ့ကြပြီး အစည်းအဝေး အောင်မြင်စွာပြီးဆုံးခဲ့ ပါသည်။



# မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းများအတွက် အရည်အသွေးအာမခံအခြေခံပေါ်တည်သော Work-Based Learning (WBL) စနစ်ဆောက်တည်ရေး CVT ၏ တာဝန်ယူဆောင်ရွက်မှု

Vocational Skills Development Program (VSDP) နှင့် Centre for Vocational Training (CVT)တို့ ပူးပေါင်းကာ "Work-Based Learning (WBL) Champions ကို ၂၀၂၄ မေလ မှ ၂၀၂၅ ဇွန်အထိ ဆောင်ရွက်ခဲ့ပါသည်။ ဤအစီအစဉ်သည် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကထုတ်လုပ်မှုနယ်ပယ်များတွင် အရည် အသွေးရှိသော၊ စနစ်တကျ ရှိသော WBL စနစ်ကို တည်ဆောက်ပြီးရေရှည်ဖြစ်နိုင်သော စက်မှုလက်မှုလုပ်ငန်းများအတွင်း လုပ်ငန်းခွင်အခြေပြု သင်ကြားသင်ယူမှုစနစ်များကို အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ထားသော နိုင်ငံအဆင့်အရည်အသွေးအာမခံဆိုင်ရာဆောင်ရွက်ချက် တစ်ခုလည်း ဖြစ်ပါသည်။၎င်းအစီအစဉ်တွင် စက်မှုလက်မှုလုပ်ငန်း လိုအပ်ချက်နှင့်ကိုက်ညီသော WBL ကိုအကောင်အထည်ဖော်နိုင် ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများမှ လူ့စွမ်းအား အရင်းအမြစ် (HR) တာဝန်ခံများနှင့် မန်နေဂျာများကို WBL Champions အဖြစ် အရည်အချင်း မြှင့်တင်သင်တန်းပေးခဲ့ပါသည်၊ Infrastructure၊ လုပ်ငန်းဆိုင်ရာ ကုမ္ပဏီ (၄၀) ခုမှ (၆၂) ဦး အောင်မြင်စွာ ပါဝင်ခဲ့ပြီး သင်တန်းပြီးဆုံးသည့်နောက် မိမိသက်ဆိုင်ရာလုပ်ငန်းများအတွင်း WBL မူဝါဒများကို ဖွဲ့စည်း၊ ဆောင်ရွက်နိုင်သော အမိကအခန်းကဏ္ဍတွင် ထမ်းဆောင်လျက်ရှိပါသည်။

WBLအား အရည်အသွေးအာမခံစနစ်အပေါ် မူတည်ပြီးအောက်ပါ အချက် ၆ ချက်ပါဝင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၁။ စက်မှုလုပ်ငန်းလိုအပ်ချက်အခြေပြု လေ့လာမှု

၂။ မြန်မာ့ယဉ်ကျေးမှုနှင့် လုပ်ငန်းသဘောသဘာဝနှင့် ကိုက်ညီသော WBL သင်ရိုးတစ်ရပ် ဖန်တီးခြင်း

၃။ စွမ်းရည်အခြေခံသင်ကြားမှု ပြုလုပ်ခြင်း

၄။ ကုမ္ပဏီအတွင်း WBL မူဝါဒဖန်တီးရန် ဦးဆောင်ထောက်ပံ့ခြင်း

၅။ ကုမ္ပဏီအတွင်း WBL အကောင်အထည်ဖော်မှုဆောင်ရွက်ခြင်း

၆။ စဉ်ဆက်မပြတ် စစ်ဆေးသုံးသပ်ခြင်း တို့ဖြင့် အကောင်အထည် ဖော်ခဲ့ပါသည်။

အဓိကရလဒ်များတွင်-

- မြန်မာ့လုပ်ငန်းခွင်အခြေအနေနှင့်ကိုက်ညီသော ပြည့်စုံကောင်းမွန်သော WBL သင်ရိုးတစ်ရပ် ပထမဦးဆုံးအနေဖြင့်ဖန်တီးနိုင်ခြင်း
- ကုမ္ပဏီ ၃၀ မှ အတည်ပြုပြီးသား WBL မူဝါဒ ၃၀ ဖန်တီးနိုင်ခြင်း
- WBL မူဝါဒများ အသုံးချ၍ ၁,၄၀၀ ကျော်ဝန်ထမ်းများအတွက် စနစ်တကျ အလုပ်ခွင်ပညာသင်ကြားမှုများပြုလုပ်နိုင်ခြင်းတို့ပါဝင်သည်၊

ထို့အပြင် ပြန်လည်သုံးသပ်ခြင်းနှင့် သင်ယူမှုဖိုရမ် (၃) ကြိမ်ကျင်းပခဲ့ပြီး ပါဝင်သူ ၅၀ ကျော်မှ အတွေ့အကြုံမျှဝေခြင်း၊ ပူးပေါင်းသင်ယူနိုင်သော လေ့လာရေးကွန်ရက်တည်ဆောက်ခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ ဤလုပ်ငန်းစဉ်အား စစ်ဆေးနိုင်ရန် CVT သည် သင်တန်း မတက်မီ/တက်ပြီးနောက် စမ်းသပ်မှုများ၊ သုံးသပ်ချက်များနှင့် အကြံပေးခြင်းများမှတဆင့် တိုးတက်မှုများကို ပင်းကျပ်စွာ ဟိုင်းဟာ/ဖြေရှင်းနိုင်ခဲ့သည်။ စီးပွားရေးမတည်ငြိမ်မှု၊ ဝန်ထမ်း ရွှေ့ပြောင်းမှုနှင့် အချိန်ကန့်သတ်မှုကဲ့သို့သော စိန်ခေါ်မှုများရှိသော်လည်း၊ CVT သည် အခြေအနေအသစ်များအပေါ် ချက်ချင်းပြုပြင်ပြီး သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြင့် ပြန်လည် ထိထိရောက်ရောက်ဖြေရှင်း နိုင်ခဲ့သည်။

CVT သည် WBL ကို မြန်မာ့စက်မှုလုပ်ငန်းများတွင် အရည်အသွေးအာမခံ စနစ် တကျထိန်းသိမ်းပြီး၊ ရေရှည်အောင်မြင်သော လူ့စွမ်းအားဖွံ့ဖြိုးရေးအတွက် အဓိကအစိတ်အပိုင်းအဖြစ် မြှင့်တင်ဆောင်ရွက်ရန် စည်းရုံးလှုပ်ရှားနေပါသည်၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသစ်များသို့ ကျယ်ပြန့်စွာ ထပ်မံတိုးချဲ့သွားရန်၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် သင်တန်း ပေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန်နှင့် နိုင်ငံအဆင့်မှ ထောက်ခံထားသော အရည်အသွေးရှိသင်ယူရေးစနစ်တည်ဆောက်မှုတွင် ပါဝင်ထောက်ပံ့သွားရန် CVT မှ ကြိုးစားအားထုတ်လျက် ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။





## သက်မွေးသင်တန်းများနှင့်အလုပ်အကိုင်ချိတ်ဆက်ရေးအတွက် လိုအပ်ချက်အကဲဖြတ်ခြင်း

CVT သင်တန်းကျောင်းသည် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရန်ကုန်တိုင်း ဒေသကြီး အတွင်းရှိ မြို့နယ် ၈ ခု (လှိုင်သာယာ၊ ဒဂုံဆိပ်ကမ်း၊ သံလျင်၊ ဒလ၊ အင်းစိန်၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပနှင့် တောင်ဒဂုံ )တွင် လူငယ် လူရွယ် နှင့် အမျိုးသမီး (အသက် ၁၈ မှ ၄၅ အတွင်း) ၂၀၀၀ ကျော်ကို သင့်တော်သော သက်မွေးပညာ သင်တန်းများ ပေးရန်အတွက် မြို့နယ် အလိုက်လူငယ်များ ၏ လိုအပ်ချက်များ။ ဆက်စပ် အလုပ်အကိုင်များ အတွက် မိတ်ဖက်ကုမ္ပဏီများ ၏ လိုအပ်ချက်များ ၊ သက်ဆိုင်ရာ ပရော်ဖက်ရှင်နယ်အသင်း များအား ၂၀၂၅ ဖေဖော်ဝါရီလ နှင့် မတ်လအတွင်း စစ်တမ်းများ ကောက်ယူခဲ့ကြပါ သည်။ စစ်တမ်းများပေါ်မူတည်၍ သက်မွေးသင်တန်းများ ပေးအပ်ခြင်း ၊ အလုပ်အကိုင်များ ချိတ်ဆက်ပေးခြင်း များ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။









## CVT အသိုက်အဝန်း အားကောင်းစေခြင်း

### GIE နှင့် နားလည်မှုစာချွန်လွှာရေးထိုးခြင်း

**Center for Vocational Training (CVT) နှင့် Global Infrastructure Engineering Company Limited (GIE)/ G.I.E Technical Institute တို့ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးခြင်း**

မြန်မာနိုင်ငံလူငယ်များ၏ကိုယ်ရည်ကိုယ်သွေး နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် CVT အသက်မွေးမှုအတတ်ပညာ သင်တန်းကျောင်း နှင့် Global Infrastructure Engineering Company Limited(GIE)/ G.I.E Technical Institute သင်တန်းကျောင်း တို့သည် လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာသင်တန်း/အသုံးချ လျှပ်စစ်သွယ်တန်းမှု သင်တန်း၊ ဂဟေဆော်ခြင်းသင်တန်း နှင့် တွင်ခုံ သင်တန်း များကို ပူးပေါင်းဖွင့်လှစ်ရန် အတွက် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ တွင် လှိုင်မြို့နယ်ရှိ CVT ကျောင်း၌ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် "CVT" ၏ အမှုဆောင်အရာရှိချုပ် ဒေါ်ခင်မြတ်စန္ဒာ နှင့် "GIE" ၏ ဒါရိုက်တာ Ms. Josephine Chin တို့မှ သဘော တူညီမှု လက်မှတ်ရေးထိုးခဲ့ကြပြီး "CVT"၏ Guarantor တစ်ဦးဖြစ်သော ဆရာမကြီး ဒေါ်ခင်မာအေး နှင့် "GIE" ၏ ဒါရိုက်တာ ဒေါ်နန့်အစ္စဘယ်စိမ်းလဲ့ဝေဝေလှိုင် -Daw Nant Isabel Sainlet Wai Wai Hlaingတို့မှ အသိသက်သေများ အဖြစ် အောင်မြင်စွာလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့နောက် အမှတ်တရ ဓါတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ခဲ့ပြီးနောက် ညနေ (၄း၀၀) နာရီ အချိန် တွင် အခမ်းအနား အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။






## MyJobs Myanmar နှင့် နားလည်မှုစာချွန်လွှာရေးထိုးခြင်း

CVT အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း သည် မြန်မာနိုင်ငံရှိ လူငယ်များအတွက် အလုပ်သင်ပညာရေး (Dual Apprenticeship) ကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ နှင့်ပူးပေါင်း၍ လုပ်ငန်းခွင်အတွက်လိုအပ်သော ကျွမ်းကျင်မှုများ ပြင်ဆင်ပေးခြင်း သင်တန်းများကို ၂၀၀၂ ခုနှစ်တည်းက တစိုက်မတ်မတ်လုပ် ဆောင် လျက် ရှိ သည်၊ သက်မွေးသင်တန်းဆင်း လူငယ် လူရွယ်၊ အမျိုးသမီးများအတွက်အလုပ်အကိုင်များ ကိုဖန်တီးပေး နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ စံနှုန်းမီ အလုပ်ခန့်အပ်ရေးဝန်ဆောင်မှုများ ပေးနေသော၊ မြန်မာနိုင်ငံရှိ အလုပ် ရှာဖွေနေသူများနှင့် လုပ်ငန်းရှင်များကို ချိတ်ဆက်ပေးသော ပလက်ဖောင်းတစ်ခု ဖြစ်သည့် MyJobs Myanmar (MyJobs) နှင့် ၂၀၂၅ ခုနှစ် မေလ ၂၉ ရက်တွင် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ကြပါသည်။







## အွန်လိုင်း CSR E-Learning Program တွင် CVT မှသင်တန်းများ မျှဝေထားမှု




မြန်မာနိုင်ငံ၏ ပြည်တွင်း ဆက်သွယ်ရေးအော်ပရေတာ တစ်ခုဖြစ်သည့် MPT သည် နိုင်ငံတစ်ဝန်းရှိ ပညာလိုလားသူ လူငယ်များအတွက် အွန်လိုင်း ပလက်ဖောင်းမှ အခမဲ့ သင်ယူနိုင်မည့် CSR E-Learning အစီအစဉ်အတွက် မိတ်ဖက် အဖွဲ့အစည်းများ ထပ်မံတိုးချဲ့သည့်အခမ်းအနား ကို ရန်ကုန်မြို့ မြန်မာ့ဆက်သွယ်ရေးသင်တန်းကျောင်း တွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ကျင်းပခဲ့ရာမိတ်ဖက် အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက် ခဲ့ပါသည်။ အခမ်းအနားတွင် CVT မှလည်း MPT အွန်လိုင်းကွန်ယက် ပေါ်တွင် သင်တန်းများ မျှဝေထားမှုကိုလည်း မိတ်ဆက်ရှင်းလင်းပြောကြားခဲ့ပါသည်။ ၎င်းနောက် MPT ၏ CSR မိတ်ဖက် အဖွဲ့အစည်းတစ်ခုအဖြစ် CVT မှ ဂုဏ်ပြုမှတ်တမ်းလွှာ ရရှိခဲ့ပါသည်။

## ပြည်တွင်း/ပြည်ပဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း

၂၀၂၃ခုနှစ်မှစတင်၍ CVT အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်းသည် အင်တာနေရှင်နယ် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ၊ UN အေဂျင်စီများ၊ ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းရှိ ရွှေ့ပြောင်း နေထိုင်သူများ၊ လူငယ်လူရွယ်များနှင့် အမျိုးသမီးစုစုပေါင်း ၂၂၀၀ ခန့် အား သက်မွေး သင်တန်းများ ပြုလုပ်ပေးပြီးအလုပ်အကိုင်ချိတ်ဆက်ပေးရန်ရည်ရွယ်လုပ်ဆောင်လျှက်ရှိပါသည်။

ဤပြည်တွင်း/ပြည်ပဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များအားကောင်းစေခြင်း ဖြင့် မြန်မာနိုင်ငံရှိလုပ်သားအင်အားစုများ၏ လူနေမှုဘဝနှင့် ကြံ့ခိုင်မှုစွမ်းရည်များ မြှင့်တင်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာသင်တန်း

လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေး ဆိုင်ရာ အသိပညာ ဗဟုသုတများ ပြန့်ပွားစေရန် ရည်ရွယ်၍ ၂၀၂၅၊ မေလ ၁၉ ရက် နှင့် ၂၀ ရက်နေ့တွင် CVT မှ လှိုင်သာယာမြို့နယ်ရှိ APC Intertrade Co., Ltd မှ ဝန်ထမ်း ၁၇ ဦးအား လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေး ဆိုင်ရာ အသိပညာ ဗဟုသုတများ၊ ကို သင်ကြား ပို့ချခဲ့ပါသည်။








## လက်တွေ့သင်တန်းနေရာများ ပြန်လည်ဖွင့်လှစ်ခြင်း



CVT သင်တန်းကျောင်းမှ လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာသင်တန်း/ အသုံးချလျှပ်စစ်သွယ်တန်းမှု သင်တန်းနှင့် အခြေခံ ပရိဘောဂ ပြုလုပ်မှု အတတ်ပညာသင်တန်းများအတွက် လက်တွေ့သင်တန်းနေရာ အမှတ် ၁၅၁၊ Tech Park၊ ယောဂီ ကျောင်းလမ်း၊ လှိုင်မြို့နယ်တွင် ဇွန်လမှစတင်ကာ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

ရင်းအပြင် ဂဟေဆော်ခြင်းသင်တန်းနှင့် တွင်ခုံသင်တန်းများအတွက် Global Infrastructure Engineering Company Limited (GIE)/ G.I.E Technical Institute တို့နှင့် ပူးပေါင်းကာ အမှတ် ၄၈၉/၄၉၀၊ စက်မှု ၈ လမ်း၊ တောင်ဒဂုံမြို့နယ် တွင် ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိပါသည်။

## ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း များနှင့် ပူးပေါင်း၍ သက်မွေးသင်တန်းများဖွင့်လှစ်ခြင်း

CVT သည်ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံတွင်းပြောင်းရွှေ့နေထိုင်သူများနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၈ ခုမှ လူငယ်လူရွယ်နှင့် အမျိုးသမီးများအတွက် သက်မွေးသင်တန်းများဖြစ်သော အစားအသောက် တည်ခင်းဧည့်ခံခြင်း ဝန်ဆောင်မှု သင်တန်း၊ လက်လီအရောင်း သင်တန်း၊ အိပ်ခန်းဆောင်သာယာ လုပရေး သင်တန်း၊ အိမ်သုံးဆိုလာ တပ်ဆင် ခြင်းသင်တန်း၊ ဒီဂျစ်တယ်ခေတ်အတွက်ကွန်ပျူတာ အခြေခံ သင်တန်း၊ အခြေခံအင်္ဂလိပ် စကားပြောသင်တန်း၊ မော်တာစက်နှင်းကျွမ်းကျင်မှုသင်တန်း၊ မော်တာစက်ပြင်ကျွမ်းကျင်မှု သင်တန်း၊ အရှေ့တိုင်းအစားအသောက် ချက်ပြုတ်နည်းသင်တန်း၊ အလှအပအခြေခံ သင်တန်း (လျှော်/ လက်သည်းအလှပြင်)၊ အဝတ်အစားဖန်တီးချုပ်လုပ်ခြင်း အတတ်ပညာသင်တန်း၊ ခေတ်မီမိုဘိုင်းလ်ဖုန်းပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ အခြေခံစိုက်ပျိုးရေး သင်တန်းများ ကို ရန်ကုန်မြို့အတွင်းရှိရွေးချယ်ထားသောမြို့နယ်များ၌ ဖွင့်လှစ်ပေးလျက် ရှိပြီး သင်တန်းပြီးစီးသူများ ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ ပါသည်။ သင်တန်းဆင်း အချို့သည်လည်း သက်ဆိုင်ရာ လုပ်ငန်းများ တွင်ဝင်ရောက်လုပ်ကိုင်နေကြ ပြီဖြစ်ပါသည်။







# 2024 နှင့် 2025 ခုနှစ်အတွင်း ပို့ချပြီး သင်တန်းများ

## 2024 (January-December)

| No. | Courses | (Graduates) |
|---|---|---|
| 1 | Work-Based Learning Champions Batch 1&2 | 40 |
| 2 | Electrical Installation Course Level 1&2 | 10 |
| 3 | Food Safety & Hygiene | 46 |
| 4 | Summer Courses (ICT & ENG) | 22 |
| 5 | Coding/Adobe/Basic ICT Course | 4 |
| 6 | YE4M (21st & 22nd-Batch) | 17 |
| 7 | Basic Culinary Course | 60 |
| 8 | Housekeeping Course | 19 |
| 9 | Safe Migration Knowledge Sharing | 40 |
| 10 | Occupational Safety and Health Training | 302 |
| | | **560** |

## 2025 (January to June)

| No. | Courses | (Graduates) |
|---|---|---|
| 1 | Work-Based Learning Champions Batch 3 | 20 |
| 2 | Electrical Installation Course Level 1&2 | 10 |
| 3 | Basic Culinary Course | 65 |
| 4 | Basic Beautician Course | 54 |
| 5 | Basic Computer Literacy | 30 |
| 6 | Home Gardening | 149 |
| 7 | Mobile Phone Repair | 69 |
| 8 | Motor Sewing | 377 |
| 9 | Motor Sewing Repair | 24 |
| 10 | Tailoring | 74 |
| 11 | Occupational Safety and Health Training | 17 |
| | | **889** |


# မြေငလျင်အရေးပေါ်အကူအညီလှုပ်ရှားမှုများ

၂၀၂၅ ခုနှစ် မတ်လ ၂၈ တွင် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သော ငလျင် အတွက်အရေးပေါ် အကူအညီများ အချိန်မီ ပေးပို့ကြသည့်အဖွဲ့အစည်းများနည်းတူ CVT မှလည်း စစ်ကိုင်းတိုင်း ဒေသကြီး တွင် အိမ်ခြေ ၁၁၀ အတွက် အခြေခံ အသုံးအဆောင်များအား ဒေသခံများနှင့်ပူးပေါင်း၍ သွားရောက်လှူဒါန်းခဲ့ကြပါသည်။ CVT နှင့်အတူ ကူညီခဲ့ကြသော စေတနာ့ဝန်ထမ်းများ၊ ငွေအားဖြင့်ဖြစ်စေ၊ ပစ္စည်းအားဖြင့်ဖြစ်စေ တတ်နိုင်သလောက် ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များ၊ CVT အဖွဲ့ဝင်များ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူဟောင်းများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။












## သင်တန်းသားအသံ /လေ့ကျင့်ရေး ကုမ္ပဏီ အသံ

CVT မှ ဖွင့်လှစ်ခဲ့သော လုပ်ငန်းခွင်အခြေပြု သင်ကြား /သင်ယူမှု စနစ်ဖြင့်ချန်ပီယံများ မွေးထုတ်ခြင်း အစီအစဉ် (Work-Based Learning Champions) သည် ကျွန်တော်တို့ကုမ္ပဏီအပါအဝင် အခြားသော လုပ်ငန်းများစွာ အတွက် တကယ်ကို အကျိုးရှိသော သင်တန်းတစ်ခုဖြစ်ပါသည်။ ဤသင်တန်းတွင် တက်ရောက် အောင်မြင်ခဲ့သော ဝန်ထမ်းများ သည်လည်း လုပ်ငန်းခွင်အခြေပြုသင်ကြားသင်ယူမှု အစီအစဉ်များကို စဉ်ဆက်မပြတ် အသုံးချဆောင်ရွက်ခြင်းဖြင့်သင်တန်းအရည်အသွေးနဲ့သင်တန်းသားများ၏စွမ်းရည်များပိုမိုတိုးတက်လာသည်ကိုတွေ့ရပါသည်။

မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများ ဝန်ဆောင်မှုလုပ်ငန်းများအတွက် CVT သည် သက်မွေးကဏ္ဍတွင် နှစ်ပေါင်းများစွာမားမားမတ်မတ်ရပ်တည်နေပြီးကုမ္ပဏီများ၏ အသက်မွေးဝမ်း ကျောင်းဆိုင်ရာ/ သင်တန်းကဏ္ဍများတွင် လေ့ကျင့်ရေးစွမ်းရည် တိုးတက်ရေးအတွက်အရေးပါ သည့် လုပ်ဆောင်မှုများကိုပြုလုပ်လျက်ရှိပါသည်။ ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် CVT နှင့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုအတွက် ဂုဏ်ယူမိပါသည်။ ထို့အပြင် သင်တန်းဆင်း WBL ချန်ပီယံများအားလုံးကိုလည်းချီးကျူးဂုဏ်ပြုပါသည်။ ၎င်းတို့၏ အောင်မြင်မှုသည် လုပ်ငန်းအသီးသီးအတွက် ခြေလှမ်းသစ်တစ်ခုကို ဖော်ဆောင်လိုက်ခြင်းဖြစ်ပြီး ကျွမ်းကျင်သော လုပ်သားအင်အားစုကိုတည်ဆောက်ရာတွင် CVT ၏ ဆောင်ရွက်ပေးမှုများအတွက် ကျေးဇူး အထူးတင်ရှိပါသည်။




**ဦးမင်းဆွေဦး (လေ့ကျင့်ရေး ကုမ္ပဏီ)**
**General Manager**
**Myan Shwe Pyi Company Limited**

CVT မှ ဖွင့်လှစ်ခဲ့သော လုပ်ငန်းခွင်အခြေပြု သင်ကြား /သင်ယူမှု စနစ်ဖြင့်ချန်ပီယံများ မွေးထုတ်ခြင်း အစီအစဉ် (Work-Based Learning Champions) ၏ သင်တန်းတွင် ပါဝင်ခွင့် ရခြင်းသည် ကျွန်မအတွက် မျှော်လင့်ထားသည် ထက်ကျော်လွန်သော တန်ဖိုးရှိလှသော အတွေ့အကြုံ တစ်ရပ်ဖြစ်ပါသည်။ သင်တန်းတွင် အဓိကကျောရိုးအခြေခံသည် ADDIE Model ဖြစ် သောကြောင့် လက်တွေ့နေ့စဉ် လုပ်ငန်းခွင်တွင် တွေ့ကြုံရတဲ့ ကိစ္စရပ်များ၊ပြဿနာများတွင် ၎င်း Model အတိုင်း ဒီဇိုင်းရေးဆွဲခြင်း၊ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အကောင် အထည်ဖော်ခြင်း နှင့် အကဲဖြတ်ခြင်း စသည့် အဆင့်ဆင့်ဖြင့် ဆက်စပ်လုပ်ဆောင်ခဲ့ခြင်းကြောင့် လုပ်ငန်းခွင်နှင့် ၁၀၀% အံဝင်ခွင်ကျ ဖြစ်ခဲ့ပါသည်။

နည်းပညာဆိုင်ရာအသိပညာများအပြင် သင်တန်း တွင်းဆွေးနွေးညှိနှိုင်းမှုများ၊ အဖွဲ့လိုက် ပူးပေါင်း ဆောင်ရွက်မှုများနှင့်အတန်းဖော်များ၏ပံ့ပိုးကူညီမှုများကိုသိရှိခဲ့ရပြီး တစ်ဦးချင်းစီ ၏ ပရော်ဖက် ရှင်နယ် အသိုင်းအဝိုင်းအတွင်း ဖြစ်တည်မှုကို တည်ဆောက် နိုင်ရန် အထောက်အကူပြုခဲ့ပါသည်။ ဤသင်တန်းသည် ကျွန်မ၏ ကိုယ်ပိုင်သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို တိုးတက် အောင်မြင်စွာ ဆောင်ရွက်နိုင်စေခဲ့ပြီး၊ WBL နည်းလမ်းများကို ဆက်လက် အသုံးချခြင်း ဖြင့် ကျွန်မတို့၏ကုမ္ပဏီတွင် ကန်ထုတ်လုပ်မှုစွမ်းဆောင်ရည်နှင့် အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှု များ ကို ထူးထူးခြားခြား မြှင့်တင်ပေးပါသည်။

ဤအခွင့်အလမ်းများကို ပေးအပ်ခဲ့သည့် Swisscontact၊ CVT နှင့် စေတနာအပြည့်ဖြင့် သင်ကြားမှုပေးခဲ့သော ဆရာ/ဆရာမများ၊ လမ်းညွှန်ပေးသူများအားလုံးကို ကျွန်မအနေဖြင့် အထူးကျေးဇူးတင်ရှိပါသည်။




**ဒေါ်နီနီအုန်း (သင်တန်းသူ)**
**Chief Operating Officer**
**Concrete Master Company Limited**










09 250 640 608
09 250 640 608
https://www.facebook.com/center.vocational.training
info@cvtmyanmar.com
http://www.cvtmyanmar.com

CVT Facebook

CVT Website